# မောင်နှင်းဆွေ

## သွေးနီကြိုးကြာပန်းလိပ်ပြာ



အသစ်စက်စက် လုံးချင်းဝတ္ထု ၈ - ဆုံး

# အခန်း (၁)

မြောက်ပိုင်းကမ်းရိုးတန်းပေါ်တွင် တည်ရှိသောမြို့တစ်မြို့ဖြစ်သည်။

ကျိုးလုန်မြို့။

ဖူကျိုမြို့အလွန် မြို့တစ်မြို့ဖြစ်သည်။

ပန်၊ ကျန်၊ ကောက်၊ ဆန်း လူမျိုးစုအနွယ်ဝင်တွေ အများဆုံးနေထိုင်ကြသည်။

အချိန်မှာကား ညနေဆည်းဆာဖြစ်သည်။ ဆောင်းနှင်းမြူတွေက ပတ်ဝန်းကျင်ကို သုန်မှုန်နေစေသည်။

"ခ ျယ ်ရ ီပ န ်းတ ည ်းခ ိုခ န ်း" အဆောက်အဦမှာကား မ ီးရေ ာင ်မ ျားဖြ င ့်လ င ်းလ က ်က ာ စားသုံးသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

အကြောင်းမှုကား . . . .

"ချယ်ရီပ န်းတ ည်းခို ခ န်း" သ ည ် စားသောက်ဆိုင်ပါ တွဲဖွင့်ထားသောကြောင့်ပင်။ သည်ည . . . စားသောက်ခန်းထဲ ပိုဆူနေသည်။ ဒါကို ဆိုင်ရှင် ကုံလုံ အဘိုးကြီး သတိထားမိသည်။

တခြားလူဆိုလျှင် ခုလို ဆူနေလျှင် တပည့်ချိန်ပေါက်ကို ကုံလုံ မေးတစ်ချက်ဆက်ပြလိုက်ပြီး ခုတော့ . . . ထိုသို့ မလုပ်ရ၊ ကမ်းရိုးတန်း တစ္ဆေသုံးကောင် မဟုတ်လား။

ကမ်းရိုးတန်း တစ္ဆေသုံးကောင်၊

ကျုံတ . . . .

ကျုံတုံ . . . .

ကျုံဟ . . . . တို့ သုံးယောက်ဖြစ်သည်။

ကမ်းရိုးတန်းနယ်တစ်ကြောတွင် သူတို့ကျက်စားသည်။ တစ္ဆေသုံးကောင် အမြဲတွဲလျက်သားတွေ့ရမြဲ။ တစ္ဆေသုံးကောင်တွဲနေလို့ကတော့ သူတို့သည် ဘယ်သူ့ကိုမျှမမှု။ သုံးကွက်တစ်ကွက် သိုင်းကွက်ကို သူတို့ အလွန်ပိုင်သည်။

အချို့က သူတို့ကို မကြောက်။ သုံးကွက်တစ်ကွက် သိုင်းကွက်ကို ကြောက်သည်။ ဘယ်လိုသိုင်းကွက်ကိုပဲ အသုံးပြုသည်ဖြစ်စေ၊ တစ္ဆေသုံးကောင်က သုံးကွက်တစ်ကွက်ကို အခြေခံလိုက်သည်သာ။

ဤသည်ပင်လျှင် တစ္ဆေသုံးကောင်၏လျို့ဝှက်ချက်ဖြစ်သည်။ တစ္ဆေသုံးကောင်ကို ဘယ်ဂိုဏ်းကလဲ၊ ဘယ်သူက သူတို့ကိုကြိုးကိုင်ထားသလဲ၊ မည်သူမျှမသိ။

"ခလွမ် ... "

ဖန်ခွက်တစ်လုံးကို နံရံသို့ပစ်ပေါက်လိုက်ခြင်းဖြစ်သည်။ ဖန်ခွက်သည်ကား အစိတ်စိတ် အမွှာမွှာ။

"ဘယ်သူလဲဟေ့ နံရံကို ဖန်ခွက်နဲ့ပေါက်တာ"

ဆိုင်ရှင်ကုံလုံက မရဲတရဲ အော်လိုက်သည်။

"ငါ . . . ပေါက်တာဟေ့ . . . ငါပေါက်တာ . . . မှတ်ထား ငါ့နာမည် ကျုံတတဲ့ . . ."

ဆိုင်ရှင်ကုလုံဘာမှ ပြန်မပြောဝံ့တော့။

"ဟား ... ဟား ... ဟား ... ဟား ... "

စားသောက်နေသူတွေက ဒေါကို ဝိုင်း၍ရယ်ခြင်းဖြင့် ဟာသပျက်လုံးတစ်ခု ဖြစ်၍သွား၏။

"အရက် နောက်ထပ်တစ်အိုးဟေ့"

"ဘာအရက်လဲ ရိုးရိုးအရက်လား"

"အောင်မာ... တစ္ဆေသုံးကောင်က ရိုးရိုးအရက်ကို ဘယ်တုန်းကသောက်လို့လဲ ဝါးရွက်စိမ်းအရက်ဟေ့ . . . ဝါးရွက်စိမ်းအရက်"

ဤသည်မှာ . . .

ချယ်ရီပန်းတည်းခိုခန်း၊ စားသောက်ဆိုင်ခန်းထဲက အခြေအနေဖြစ်သည်။ အပြင်ဘက်မှာကား ဆီးနှင်းမြူမှုန်တွေ တဖွဲဖွဲကြွေကာ ကြွေကာ မြေမှာဖုံးလွှမ်း၍ နေသည်။

ထိုဆီးနှင်းမြူမှုန်မြင်ကွင်း ပန်းချီကားထဲမှ ထူးခြားချက်တစ်ခု။ မြင်းခွာသံ ကြားရမည်။

ခွပ် . . . ခွပ်

ခွပ် . . . ခွပ်

ခွပ် . . . ခွပ်

မြင်းခွာသံမှာ မြင်းနှစ်စီး၏မြင်းခွာသံဖြစ်သည်။

မကြာလှ . . .

ဆီးနှင်းမြူမှုန်၊ သဘာဝပန်းချီကားထဲမှာ မြင်းနှစ်ကောင်နှင့် မြင်းစီးသမားတစ်ယောက်၊ မြင်းမျာ နှစ်ကောင်ဖြစ်သည်။ မြင်းတစ်ကောင်ကို သူကိုယ်တိုင်စီးသည်။

ကျန်မြင်းတစ်စီးကို ဆွဲယူလာသည်။ ထိုမြင်း၏ကျောခုံးပေါ်တွင် လူတစ်ယောက်လိုက်ပါလာသည်။ ထိုလူသည်ကား အလွန် စိတ်ဝင်စားစရာကောင်းသည်။

သူသည် ပြုံး၍သာနေသည်။ ဘာကိုပဲတွေ့တွေ့၊ ဘာကိုပဲမြင်မြင် သူသည် အပြုံးမပျက်။

"ကိုပြုံးချို" ဟုပင် နာမည်ပေးရမလိုလို။

မြင်းစီးသမားမှာကား ကျားကျားလျားလျား ဝါးခမောက်ကို ဆီးနှင်းတွေ ကာကွယ်ရန်ထင်သည်။ မျက်နှာကို တစ်ဝက်သာမြင်နိုင်သည်အထိ ဝါးခမောက်ကို ခပ်စောင်းစောင်း ဆောင်းထားသည်။

ခလောက်ခွပ် . . .

ခလောက်ခွပ် . . .

မြင်းစီးသမားသည် သူ့မြင်းကို ဇတ်သတ်၍ ရပ်လိုက်သည်။ ကောင်လေးတစ်ယောက် ချယ်ရီပန်းတည်းခိုခန်းထဲမှ ပြေးထွက်လာသည်။ မြင်းဇက်ကြိုးကို လှမ်းယူလိုက်၏။

မြင်းစီးသမားသည် ကိုပြုံးချို အမည်ပေးရလောက်အောင်ပြုံးနေသော လူကြီးကို ထမ်း၍ တည်းခိုခန်းထဲ ဝင်သွား၏။ မြင်းထိန်းကောင်လေးမှာ တအံ့တသြဖြစ်၍ ကျန်ရစ်ခဲ့၏။

မြင်းစီးသမားသည် ပြုံးနေ သူ့ကို ထိုင်ခုံတစ်လုံးတွင် ထိုင်လျက်သားထားခဲ့ပြီး ဆိုင်ရှင်ကုံလုံနှင့် သွားတွေ့သည်။

"အခန်းငှားမလို့ မဟုတ်လား"

ကုံလုံလူကြီးသည် အလွန်အရိပ်အကဲ နားလည်သဘောပေါက်နေသူဖြစ်သည်။ တည်းခိုမှာလား၊ အရက်သောက်မှာလား သူသိသည်။

"ဟုတ်တယ်"

"အခန်းရှိတယ်၊ နာမည်ပြော"

"ချင်းဝေလျှန်"

ထိုနာမည်ကို ကြားလိုက်ရသောအခါ ကုံလုံလူကြီး မော့၍ကြည့်လိုက်သည်။

"မြောက်ပိုင်းသွေးဓားရှင် ချင်းဝေလျှန်များလား"

ကုံလုံလူကြီး အတွေးရောက်လိုက်သည်။

"တစ်ယောက်တည်းလား"

"ဟိုမှာလေ၊ နောက်တစ်ယောက်"

ကုံလုံသည် ချင်းဝေလျှန်ကိုကျော်၍ ကြည့်လိုက်သည်။

"သူက ဘာသဘောကျပြီး ပြုံးနေတာလဲ"

"ဘာကိုမျှ သဘောကျလို့မဟုတ်ဘူး၊ သူ့မျက်နှာက တည်တည်နေလို့ကိုမရတာ"

"မင်း ကျုပ်ကို နောက်ပြောင်နေတာတော့ မဟုတ်ပါဘူးနော်"

"ကျွန်တော်က နယ်လှည့်လူရွှင်တော်တစ်ယောက်မှ မဟုတ်တာ၊ သူ့နာမည်က ကျိုကုတဲ့"

"လူဆိုးထိန်းကျိုကုလား"

"ဟုတ်ပဗျာ"

"သူက ဘာဖြစ်လို့ပြုံးနေရတာလဲ"

"နောက်မှ ရှင်းပြပါရစေ"

"ကောင်းပြီလေ . . ."

ကုံလုံလူကြီးသည် လက်ထောက်ကို ခေါ်၍ သူ့နေရာတွင် တာဝန်ပေးသည်။ ထို့နောက် သူသည် ချင်းဝေလျှန်တို့ကို အခန်းလိုက်ပြသည်။ အခန်းများ အနောက်ဘက် အနိမ့်ပိုင်း သစ်ရိပ်တန်းအောက်တွင်ရှိသည်။

ချင်းဝေလျှန်သည် ကျိုကုကို အခန်းထဲပို့ထားသည်။ အိမ်ယာလိပ်ကို ကုတင်ပေါ်တွင် တည်ခင်းသည်။ ကျိုကုကမူ ပြုံးလျက်။

ချင်းဝေလျှန်သည် ကျိုကုကို ဘာမျှမပြော၊ ပစ္စည်းတစ်ခုထားသလို ထားလိုက်သည်။ ပြီးစားသောက်ဆိုင်ခန်းဘက်သို့ ကုံလုံနှင့် မရှေးမနှောင်း ပြန်လျှောက်လာခဲ့သည်။

ဆီးနှင်းတောကို အနည်းငယ်ဖြတ်ရသည်။ စားသောက်ဆိုင်ခန်းထဲ ပြန်ရောက်လာလျှင် ချင်းဝေလျှန်သည် အတော်ပေါ့ပါး၍သွားသည်။

စောစောက နေရာမှာ သူပြန်၍ထိုင်သည်။ စားပွဲထိုးကောင်လေးတစ်ယောက် သူ့အနီးသို့ လာရပ်သည်။ အရက်တစ်ချိုင့်၊ ပြည်ကြီးငါးအသုတ်တစ်ပွဲ မှာလိုက်သည်။

ပြီးလျှင် ဘေးပတ်ဝန်းကျင်ကို ချင်းဝေလျှန် တစ်ချက်အကဲခတ်လိုက်သည်။ စားသောက်ဆိုင်ခန်းထဲတွင် ကိုယ့်အစုနှင့်ကိုယ် စုဝေးစားသောက်လျက်။

*

## အခန်း (၂)

ကျုံတ၊ ကျုံတုနှင့် ကျုံဟှာ တစ္ဆေသုံးကောင်တို့သည် အရက်တစ်အိုးကုန်လုပြီ။ အရက်တစ်အိုးလောက်ကို သူတို့မမှု။

"အရက်နောက်တစ်အိုး ပေးပါဦး"

ကျုံတ က အာလေးလျှာလေးဖြစ်နေပြီ။ ကျုံတသည် အရက်ခွက်ကိုမော့၍ သောက်ချလိုက်ပြီး ပြောလက်စ စကားကို ပြန်ဆက်သည်။

"သွေးနီကြိုးကြာကို ပြောသာပြောနေကြတာပါ၊ မြင်ဖူးတွေ့ဖူးတဲ့လူ မရှိပါဘူး"

ကျုံဟှာက . . .

"အသံကို ကြားဖူးကြတယ်ဆို သွေးနီကြိုးကြာရဲ့အသံကတော့ အတော်လေးချိုသာတယ်လို့ ပြောကြတယ်"

ဟု ပြောလိုက်သည်။

ကျုံတုက ပြည်ကြီးငါးသုတ်ကို တူနှစ်ချောင်းနှင့် ညှပ်ယူရင်း . . .

"သွေးနီကြိုးကြာဆိုတာဘာလဲ ကျုပ်ကိုလည်း ရှင်းပြစမ်းပါဦး"

ဟု မေးလိုက်သည်။

ကျုံတသည် အပြင်ဘက်ဆီးနှင်းကို လှမ်းမျှော်ကြည့်လိုက်ကာ . . .

"သွေးနီကြိုးကြာဆိုတာ၊ အမှန်ကတော့ ထူးခြားလှတဲ့ ကြိုးကြာတစ်ကောင်ပါပဲ။ သူက တစ်နေရာကိုရောက်ရင် အဲ့ဒီနေရာမှာ သွေးထွက်သံယိုအဖြစ်မျိုးတွေ ဖြစ်လေ့ဖြစ်ထရှိတယ်"

"အဲ့ဒါကြောင့် ဒီကြိုးကြာကို သွေးနီကြိုးကြာလို့ခေါ်ကြတာ ပိုပြီးထူးခြားတာရှိသေးတယ်၊ သွေးနီကြိုးကြာဟာ တစ်နေရာကိုရောက်ခဲ့ရင် နောက်ဆယ်နှစ်လောက်ကြာမှ တစ်ခေါက်ပြန်လာတတ်တယ်"

"ဒါကြောင့် သွေးနီကြိုးကြာကိုမြင်ရတဲ့ လူတွေအဖို့မဆိုနဲ့ အသံကိုကြားရရုံနဲ့ ဘေးအန္တရာယ်တွေ ကျရောက်တတ်တယ်လို့ အယူရှိကြတယ်"

ဟု ပြောဆိုရှင်းလင်းပြသည်။

ကျုံတ ရှင်းလင်းပြောပြသော်လည်း ကျုံတ့ရော ကျုံတ့ာပါ လက်ခံချင်သည်မဟုတ်။ ကျုံတုက စတင်၍ . . .

"သွေးနီကြိုးကြာငှက်ဆိုတာ ကျုံတ ပြောတဲ့အတိုင်းဆိုရင် မကောင်းဆိုးဝါး ငှက်တစ်ယောက်ဖြစ်နေပြီပေါ့"

ပြောဆို ကောက်ချက်ချလိုက်သည်။ ကျုံတ့ာက ထိုပြောဆိုရှင်းပြနေသည်ကို . . .

"ဒါတွေဟာ အလကားပါ၊ လူတွေ ပြောချင်သလိုပြောနေကြတာလို့ မပြောနိုင်ဘူးလား"

မေး၏။ ကျုံတက . . .

"ဒီမှာ ကျုံတ့ာ ဒီကိစ္စမှာ မင်းဘာမှ ကန့်ကွက်စရာမလိုဘူး၊ ဝေဖန်စရာ မလိုဘူး"

ပြောလိုက်လေသည်။

ကျုံတက ဆက်လက်၍ . . .

"ခက်တာပဲ . . . မင်းကိုငါယုံပါလို့ ပြောနေတာမဟုတ်ဘူး၊ အဖြစ်အပျက်တစ်ခုကို ပြောပြရုံပဲ ပြောပြတာ"

ပြောကာ ငြိမ်နေလိုက်သည်။

ကျုံတက တစ်ခန်းထလာပြန်သည်။ သူသည် စားပွဲကိုလက်တစ်ဖက်နှင့် ဝုန်းခနဲ ထုလိုက်ကာ . . .

"ဝုန်း . . ."

ထိုသို့ ကျုံတုစားပွဲကို လက်သီးနှင့် ထုချလိုက်သောအသံက ပတ်ဝန်းကျင်ကို အထိတ်တလန့် ဖြစ်သွားစေသည်ထင်၏။

ဆိုင်ပိုင်ရှင်ကုံလုံသည် မပြောသာ၍သာ တစ်ချက်လှမ်းကြည့်လိုက်သည်။ သူ့အကြည့်မှာ ကျေနပ်သောအကြည့်မျိုးမဟုတ်။ ကျုံတုကပင် ဆက်လက်၍ . . .

"ဒီမှာ. . . ကျုံတ. . . မင်းဟာ တခြားအဖွဲ့သားလည်းမဟုတ်ဘူး၊ တစ္ဆေ့သုံးကောင်ထက် တစ္ဆွေဓားသမားတစ်ယောက်ပါ။ မဟုတ်မဟပ်လုပ်ဇာတ်တွေကို ဘာဖြစ်လို့ယုံကြည်နေရတာလဲ"

မေးလိုက်သည်။ ထိုအခါ . . .

အသက် ၅၀ ကျော်ခန့်ရှိလူကြီးတစ်ယောက် အနီးသို့ရောက်ရှိလာကာ . . .

"မင်းတို့ ပြောနေတဲ့စကားကို နားထောင်နေတာတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ သွေးနီကြိုးကြာလို့ ကြားလိုက်မိသလားလို့ပါ"

ပြောလာသဖြင့် တစ္ဆေသုံးကောင်စားသမားများက ရုတ်ချည်းမော့၍ ကြည့်လိုက်ကြသည်။

ကျုံတက စတင်၍ . . .

"ဟုတ်တယ်. . . ကျုပ်တို့ပြောနေတာ သွေးနီကြိုးကြာအကြောင်းပဲ . . . အဲဒါဘာဖြစ်လို့လဲ"

မေးလိုက်သည်။

"ဒီနာမည်ကို ထည့်မပြောတာကောင်းမယ်၊ အင်မတန်ဆိုးယုတ်စေတတ်တဲ့ နာမည်မဟုတ်လား၊ ဒီနာမည်ကိုပြောနေရင် အိပ်ပျော်နေတဲ့ သွေးနီကြိုးကြာဟာ လန့်နိုးလာပြီး သူ့အကြောင်းပြောတဲ့လူတွေဆီကို လိုက်လာပြီး နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးတတ်တယ်လေ"

စကားကို လူကြီးက ရှင်းလင်းပြောပြလာသောအခါ ကျုံတက ခေါင်းတညိတ်ညိတ်လုပ်ကာ ထောက်ခံနေဆဲ၊ ကျုံတုက မူးမူးရူးရူးနှင့် လူကြီးအနီးထလျှောက်သွားကာ . . . .

"ဘာလဲ. . . ခင်ဗျားက ကျုပ်တို့ သွေးနီကြိုးကြာအကြောင်း ပြောနေတဲ့အတွက် သွေးနီကြိုးကြာ အိပ်ယာကလန့်နိုးပြီး ကျုပ်တို့ကို ဒုက္ခလာပေးပြီလို့ ပြောချင်တာလား"

"ဘေးဒုက္ခကျရောက်လိမ့်မယ်လို့ ပြောတာမဟုတ်ပါဘူး၊ သူ့နာမည်ကို ထည့်ထည့်ပြောရင် သူ့အိပ်ယာက လန့်နိုးလာမလားလို့ပါ. . . စိုးရိမ်ပြီး စေတနာနဲ့ ဝင်ပြောလိုက်မိတာပါ"

လူကြီးက စကားကို အတတ်နိုင်ဆုံး လိုက်လိုက်လျောလျော ပြောနေသည့်ကြားက . . .

ကျုံ့ဟုက ထလျှောက်လာပြီး . . .

"ဒီမှာ အဘိုးကြီး. . . ဘာတွေလာပြောနေတာလဲ၊ ကျုပ်တို့က ဘာမှ ယုံကြည်တတ်တာမဟုတ်ဘူး သွားစမ်းပါဗျာ"

ပြောကာ လူကြီးကို တွန်းလွှတ်လိုက်လေသည်။ လူကြီးသည် ဘာစကားမှဆက်မပြော၊ အခြားလူများကလည်း လူကြီးကို ဘာမျှမပြောဖို့ မျက်ရိပ်ပြသူပြ၊ လက်ရိပ်ပြသူပြနှင့် ကျုံ့တုက

"အဓိပ္ပာယ်မရှိလိုက်တာ၊ လူတွေ စိတ်ကူးယဉ်နေတာ ရှူးများရှူးကုန်ပြီလားမသိဘူး"

ထိုအခိုက် . . .

အပြင်ဘက်မှ ထူးခြားသောအသံတစ်သံ ပေါ်ထွက်လာ၏။

ဂဲ . . . .

ဂဲ . . . .

ဂဲ . . . .

ငှက်တစ်ကောင်၏အော်မြည်သံသည် စားသောက်ဆိုင်အတွင်းက ဆူဆူညံညံ အသံဗလံတွေကိုပင် လွှမ်းမိုးလိုက်လေသည်။

"အဲဒါ ဘာသံလဲ"

"သွေးနီကြိုးကြာငှက်ရဲ့ အသံမဟုတ်လား"

"မဟုတ်ပါဘူး"

"ဒီးဒုတ်ငှက်ပါ"

"ဟုတ်တယ်လေ. . . ဒီးဒုတ်ငှက်ဟာ ခုလို ညဘက်ပျံတတ်တာပဲ"

"မင်္ဂလာရှိတာပေါ့"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော အသံဗလံများကိုကား တစ္ဆေသုံးကောင်ကြားသည်လည်းရှိသည်။ မကြားသည်လည်း ရှိသည်။

ထိုစဉ် ဆိုင်ပိုင်ရှင်ကုံလုံထံသို့ စားပွဲထိုးကောင်လေးတစ်ယောက် ရောက်ရှိလာကာ . . . .

"သူဌေး"

အသံကိုအုပ်၍ တိုးတိုးတိတ်တိတ် ခေါ်လိုက်သည်။ ကုံလုံသူဌေးက မော့၍ကြည့်လိုက်သည်။ စားပွဲထိုးကောင်လေးကို တွေ့သည်။

"ဘာလဲ. . . ဟိုသုံးကောင် အတော်မူးနေပြီမဟုတ်လား"

"ဟုတ်ပါတယ် သူဌေး"

"အရက်သုံးအိုးရှိသွားပြီ၊ အမြည်းစားတာလည်းများပြီ ငွေရှင်းဖို့ပြောတော့. . .ရှင်းမယ်. . .ရှင်းမယ်လို့ပဲ ပြောတယ်၊ တကယ်မရှင်းသေးဘူး သူဌေး"

ဆိုင်ပိုင်ရှင်ကုံလုံသည် အတန်ကြာငြိမ်နေ၏။ စိတ်ထဲတွင်မူကား အတွေးစိတ်ကူးတွေများလှပြီ၊ သည်လိုပြဿနာမျိုးကို ဖြေရှင်းရသည်မှာမလွယ်။

သူတို့ကို အကြမ်းဖက်၍မရ၊ သူတို့က ပိုကြမ်းပြလိမ့်မည်။ လိုက်လျောပါကလည်း သူတို့အဖို့ အကြိုက်သဘောတွေ့သွားပေလိမ့်မည်။

ကုံလုံသည် သက်ပြင်းချ၏။ ခေါင်းကို လက်ထိုး၍ ကုတ်၏။ တွက်ချက်နေသောပေသီးကို သည်နေရာအားကိုး၍မရ။

"တစ္ဆေကောင်တွေကို မောင်းထုတ်ရမှာ လွယ်တော့မလွယ်လှဘူး"

စကားကိုပဲ ပြောနိုင်သည်။

"ခဏလောက် စောင့်ကြည့်ကြသေးတာပေါ့"

စကားကိုပဲ ပြောဖြစ်၏။

*

# အခန်း (၃)

ထိုအချိန် ....

ချယ်ရီပန်းစားသောက်ဆိုင်ခန်းထဲသို့ ချင်းဝေလျှန် ဝင်ရောက်လာခြင်းပင်။ သူ့လူ ကျိုကုကို တည်းခိုဆောင်အခန်းတွင်ထားပြီး စားသောက်ဆိုင်ခန်းသို့ ဝင်လာခြင်းဖြစ်သည်။

ခရီးပန်းလာသဖြင့် အစာမစားမိ အရက်အနည်းငယ်သောက်ရကောင်းမည် စိတ်ကူးဖြင့် ခုလို စားသောက်ဆိုင်ခန်းထဲဝင်လာခြင်းဖြစ်သည်။

အဝင်ဝတွင် မြင်းထိန်းကောင်လေးနှင့် သူတွေ့သည်။

"မြင်းနှစ်ကောင်စလုံးကို ပဲချိုရည်နှင့် မြက်စိမ်းအစာကျွေးထားပါတယ် အစ်ကို"

ပြော၍ သူက ....

"အေး ကောင်းတယ် ... ကျေးဇူးပဲ ရော့ရော့ ... ဒါမင်းအတွက်"

ပြော၍ ငွေစအချို့ကို ပေးလိုက်သည်။ မြင်းထိန်းကောင်လေး အတော်ကျေနပ်၍သွားကာ ...

"ကျေးဇူးပါပဲအစ်ကို"

စကားကို ထပ်ပြောသည်။ ထို့နောက် သူသည် ဆက်မသွားဘဲ ခပ်ထွေထွေလေးရပ်နေ၍ ချင်းဝေလျှန်က . . .

"ဘာပြောချင်သေးလို့လဲ"

မေးလိုက်သည်။

မြင်းထိန်းကောင်လေးက မျက်လွှာကိုချကာ . . .

"ဆိုင်ခန်းထဲမှာ တစ္ဆေသုံးကောင်ဓားသမားတွေ ရောက်နေလို့ပါ။ အစ်ကိုက ဓားကို နောက်ကျောမှာသိုင်းလွယ်ထားတော့ သိုင်းသမားတစ်ယောက်နှင့် တူနေတယ်မဟုတ်လား"

ပြောလေသည်။

"မင်း ခုလိုသတိပေးတာ ငါမင်းကိုကျေးဇူးတင်ပါတယ်"

ပြောပြီး မြင်းထိန်းကောင်လေးကို ကျောခိုင်းလိုက်သည်။ စိတ်ထဲမှာ . . . .

"ငါလည်း မြောက်ပိုင်းသွေးဓားရှင် သိုင်းသမားတစ်ယောက်ပါ"

စကားပြောနေမိသည်။ ချင်းဝေလျှန်သည် ဆိုင်ခန်းအတွင်းသို့ ခြေလှမ်းသုံးလေးလှမ်း လျှောက်ပြီးသောအခါ လူလွတ်နေသော စားပွဲတစ်လုံးတွင်ရှိသော ထိုင်ခုံ၌ဝင်ထိုင်လိုက်သည်။

"ဆရာလေး ဘာသုံးဆောင်ပါမလဲခင်ဗျာ"

စားပွဲထိုးကောင်လေးတစ်ယောက် လာမေးသည်။ ချင်းဝေလျှန်က . . .

"ဝါးစိမ်းရွက်အရက်ရှိလား"

မေးလိုက်သည်။

"ရှိပါတယ်"

"အဲဒါ အရက်ဖန်ခွက်ချိုင့်တစ်ချိုင့်နဲ့ ပြီးတော့ ဝက်သားကင်သုတ်ပေါ့ဗျာ"

"ဟုတ်ကဲ့ပါခင်ဗျာ"

စားပွဲထိုးကောင်လေးတွေက ရည်ရည်မွန်မွန်။

ရှပ် . . .

ရှပ် . . .

ဟူး . . .

စားပွဲခုံတွေကြား လျှောက်သွားသော သူ့ဟန်ပန်မှာ အလွန်သွက်၍ ကြည့်၍ပင်ကောင်း၏။

ချင်းဝေ လျှန်သည့် လောလောဆယ် မိမိဖြတ်သန်းလာခဲ့ရသော ဘဝကို ပြန်လည်စဉ်းစားနေသည်။ အမှန်တော့လည်း လူဆိုးထိန်းကျိုကုနှင့် ကြုံဆုံလာရသည့်အဖြစ်မှာ စင်စစ် ဖြစ်ရိုးဖြစ်စဉ်မဟုတ်။ မိမိသွားရာလမ်းကြောင်းမှန် မဟုတ်။

ကွေ့ကောက်သွားသောလမ်းကိုသာ မိမိက အလိုက်အထိုက် ဆက်လက်လိုက်လျှောက်လာခြင်းပင်။

ထိုညက . . .

သချိုင်းအုတ်ဂူပျက်တစ်လုံးပေါ်တွင် အသက် ၆၀ ကျော်အရွယ် အဘိုးအိုတစ်ဦးရပ်လျက် . . .

ဟူး . . .

ဟူး . . .

ညလေသည် ဆောင်းတော်ကူး ညမွှေးပန်းရနံ့နှင့်အတူ မြောက်မှတောင်သို့ တိုက်ခတ်နေသည်။ ချင်းဝေလျှန်က အဘိုးအိုကို တစ္ဆေသူရဲတစ်ကောင်လေလား အတွေးရှိမိသည်။

နောက်မှ သူ့ကို ထိန်းပင်အဘိုးအိုမှန်း ချင်းဝေလျှန်သိခွင့်ရသည်။

ထိန်ပင်းခြေထောက်အောက်ရှိ သချိုင်းအုတ်ဂူမှာ အတော့်ကိုပဲ ဟောင်းနွမ်းပျက်ယွင်းနေသော သချိုင်းအုတ်ဂူဖြစ်သည်။

ချင်းဝေလျှန်က . . .

"ကျုပ်က . . . လူမထင်ဘူး တစ္ဆေသူရဲထင်နေတာ"

"လူပါ. . . လူမှ လူအစစ်"

"ကျုပ်က . . . သေသွားတဲ့လူတစ်ယောက်ရဲ့ ဝိညဉ်လို့မှတ်နေတာ . . ဒါ့ထက် အဘဒီမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ . . . ဆေးဖော်နေတာလား"

"ညကြီးမင်းကြီး"

"အောက်လမ်းဆေးဖေါ်ရင် ခုလို ည ခုလိုသချိုင်းမြေမှာ ဆေးဖော်ကြရတာပဲမဟုတ်လား"

"မင်းက ပြောလေ . . . ကဲလေ . . . မန်းလေ ပြဲလေပါလား ဆေးဖော်တာတောင် အောက်လမ်းဆေးတဲ့"

"ကျုပ် . . . ကြားဖူးနားဝ ပြောတာပါ"

အဘိုးနှင့် ချင်းဝေလျှန်တို့နှစ်ယောက်သည် အခုညမှာ စတွေ့ကြရသော်လည်း တစ်ယောက်နှင့်တစ်ယောက်

အတော်လေးခင်မင်သွားသည်။

သို့သော် . . .

အဘိုးအိုထိန်ပင်းသည် သချိုင်းအုတ်ဂူပေါ်က မဆင်းသေး။

ချင်းဝေလျှန်ကမူ အောက်မှာ။

ညလေသည် မတိုက်တစ်ချက်၊ တိုက်တစ်ချက်။

ဟူး . . .

ဟူး . . .

"မင်းနာမည် ဘယ်သူလဲ၊ ငါ့နာမည်ကတော့ ထိန်ပင်းပဲ"

အဘိုးအိုထိန်ပင်းက ချင်းဝေလျှန်ကို စပ်စုနေသည်။

ချင်းဝေလျှန်က မိမိနာမည်ကို ထုတ်ပြောလိုက်သောအခါ . . .

"မြောက်ပိုင်းသွေးဆားရှင် ချင်းဝေလျှန်လား"

ထိန်ပင်းအဘိုးအိုက မေး၏။

ချင်းဝေလျှန်က . . .

"ဟုတ်တယ်. . ."

"ဒီအရပ်ကို ဘာလာလုပ်တာလဲ"

"ငှက်ပစ် ထွက်လာတာပါ"

အဘိုးအိုမျက်နှာတစ်ချက် ကွက်ခနဲပျက်၍ သွားလေသည်။

"ငှက်ပစ်ထွက်လာတာ ဟုတ်လား"

"ဟုတ်တယ် အဘ"

"ဒူးလေးလည်းမပါပါလား"

"ကျုပ်က ငှက်ကို ကျောက်ခဲနဲ့ ပစ်ပေါက်ဖမ်းနိုင်ပါတယ်"

"အတော့်ကိုတော်တာပဲ . . . ငှက်ကိုကျောက်ခဲနဲ့ပစ်ဖမ်းတဲ့ လူဆိုလို့ ငါဖြင့် အခုမှပဲတွေ့ဖူးတယ်"

ထိန်ပင်းအဘိုးအိုစကားသံမှာ အငေါ်တူးချင်ဟန်တူသည်။

ချင်းဝေလျှန်က . . .

"အမှန်တော့ အတတ်ပညာကအဓိကပါ . . . လက်နက်ဆိုတာ အဓိကမကျပါဘူး"

"ငှက် ဘယ်နှစ်ကောင် ဖမ်းမိပြီလဲ"

"အဲ့ဒါလည်း ပြောရဦးမယ် . . . ကျုပ်က . . . ကျုပ်က တခြားငှက်တွေကိုပစ်ဖို့ ဒီအရပ်ရောက်လာတာမဟုတ်ပါဘူး . . . တစ်ကောင်ထဲသော ငှက်ကိုသာ ခြေရာခံလိုက်ပစ်နေတာ"

"ခပ်ဆန်းဆန်းပဲ. . . ဘာငှက်လဲ"

"သွေးနီကြိုးကြာ"

"ဘာရယ် . . . သွေးနီကြိုးကြာ"

အဘိုးအိုသည် ချင်းဝေလျှန်၏ သွေးနီကြိုးကြာ ပြောလိုက်သည့်အသံကို ကြားလိုက်လေရကား အတော်ပင်အံ့ဩ၍သွား၏။

နောက်မှ အဘိုးအိုက . . .

"သွေးနီကြိုးကြာငှက်က ဆယ်နှစ်လောက်ကြာမှ တစ်ခေါက်လာတဲ့ ငှက်မျိုးမဟုတ်လား"

"အဘက သွေးနီကြိုးကြာငှက်အကြောင်းကို သိနေမှပဲ"

"ဒီလောက်နာမည်ကြီးတဲ့ငှက်ကို ငါမသိဘဲနေမလား၊ ဒီငှက်က အခုလိုအချိန် အိပ်ကောင်းတုန်းနေမှာပါ"

"ဒ ါက အ ဘ အ ထ င် ပြေ ာတ ာကို၊ သွေးနီကြိုးကြာငှက်က ခုညတောင် ရောက်ချင်ရောက်လာမှာ"

"မ င ်းက အတွက်အချက်ကောင်းနေပါလား၊ မင်းနဲ့ငါအလောင်းအစား လုပ်ဖို့ကောင်းနေပြီ"

ချ င ်းဝေ လျ န ် သ ည ် သ ချို င ်းအ ု တ ် ဂူ ပေ ါ်က အဘိုးအိုကြီးနှင့် စကားလက်ဆုံကျ၍လာ၏။

"အဘ အလောင်းအစား ဝါသနာပါရင် စိန်လိုက်လေ"

"အေ း သွေးနီကြိုးကြာငှက်က ဒ ီည ဒီနေရာကို ရောက်မလာရင် မင်းငါ့ကို ဘာကတိပေးမလဲ"

"ကျုပ်အသက်ကို ပေးမယ်"

"ဟာ . . . မြောက်ပိုင်းသွေးနီစားသမားက ရမ်းလှချည်လား"

"ဒါရမ်းတာမဟုတ်ဘူး. . . မှန်းတာ အဘဘက်ကရော"

"မင်းကို ငါ ဘာကတိပေးရမလဲ"

"ကြိုက်တဲ့ ကတိပေးပါ"

"ငါ ရွှေတစ်ပိဿာပေးမယ်"

"စိန်လိုက်လေ"

*